လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)

DEMOCRATIC PARTY FOR A NEW SOCIETY (H.Q)

## မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ABSDF) နှစ် ၂၀ ပြည့် အခမ်းအနားသို့ပေးပို့သည့် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၏ သဝဏ်လွှာ

တပ်ဦးခေါင်းဆောင်များ၊ ကျောင်းသားတပ်မတော်မှတပ်မှူးတပ်သားများခင်ဗျား

ဒီမိုကရေစီတိုက်ပွဲအဆက်ဆက်နှင့် ကျွန်တော်တို့၏ ဖြတ်သန်းမှုကာလ နှစ် ၂၀ အတွင်း ကျဆုံးခဲ့ရသည့် ၊ ခန္ဓာ ကိုယ်အစိတ်အပိုင်းများစွန့်လွှတ်ခဲ့ကြရသည့် သူရဲကောင်းအာဇာနည်များကို ဦးညွှတ်အလေးပြုပါသည်။

ခင်ဗျားတို့ကျွန်တော်တို့ဟာ နှစ်ပေါင်း ၂၀ ကို ရင်ဘောင်တန်းပြီး အတူဖြတ်သန်းခဲ့ကြသူများဖြစ်ပါသည်။

ဤနှစ်ပေါင်း ၂၀ အတွင်း သူရဲကောင်း အာဇာနည်များကို သိရှိတွေ့ကြုံခဲ့ရသလို၊ သစ္စာဖောက်သွေ့ဖီရေးသမားများ၊ ဒူးထောက်အညံ့ခံအရှုံးပေးသွားသူအမျိုးမျိုးကို လည်း လက်တွေ့သိမြင်ခဲ့ကြရပြီးဖြစ်ပါသည်။ ဘယ်အရာသည် တော်လှန်ရေး၊ ဘယ်အရာသည် ဖောက်ပြန်ရေး၊ ဘယ်သူသည် အရှုံးပေးရေးသမား၊ ဘယ်သူသည် တော်လှန်ရေးသမားဟူသည်ကို ပြက်ပြက်ထင်ထင် ကိုယ်တိုင်ကြုံတွေ့သိနားလည်ခဲ့ရပါသည်။

ယခုလည်း ဒူးထောက်အညံ့ခံအရှုံးပေးရေးသမားတွေက (နအဖ) စစ်အစိုးရ ပေးသလောက်ယူလိုက်ကြဖို့၊ ၂၀၁၀ ရွေးကောက်ပွဲကို မျက်စိစုံမှိတ်ပါဝင်လိုက်ကြဖို့၊ စစ်အာဏာရှင်စနစ်ကို အနုနည်းနဲ့လည်းဖြိုဖျက်၍မရ၊ လက်နက်ကိုင်တော်လှန်ရေးနည်းနဲ့လည်းမအောင်မြင်၊ တွေ့ဆုံဆွေးနွေးရေးနည်းလမ်းကလည်း အလုပ်မဖြစ် ဆိုပြီး ရှာလည်လမ်းပျောက်နေသည့် ဒေသနာ ကို မိုက်မိုက်မဲမဲ ဟောပြောနေကြပြန်သည်။

စစ်အာဏာရှင်စနစ်တည်ရှိနေသမျှ စစ်မှန်သည့် ပါတီစုံဒီမိုကရေစီ သစ်ထွန်းမလာနိုင်ဆိုသည်ကို ခင်ဗျားတို့ ကျွန်တော်တို့၏ဖြတ်သန်းမှုအတွေ့အကြုံအရသိရှိနေကြပြီးဖြစ်ပါသည်။ စစ်အာဏာရှင်စနစ်တည်ရှိပြီး ဒီမိုကရေစီရှိပါသည် ပြောဆိုနေလျှင် ယင်းဒီမိုကရေစီ ဆိုသည်မှာ အတုအယောင် ဒီမိုကရေစီသာဖြစ်ပါလိမ့်မည်။

စစ်အာဏာရှင်စနစ်၊ စစ်အစိုးရ၊ စစ်ဗျူရိုကရေစီယန္တရားကို ခင်ဗျားတို့ကျွန်တော်တို့ အတူတကွ လက်တွဲ တိုက်ဖျက်ပစ်နိုင်မှသာလျှင် စစ်မှန်သည့် ပါတီစုံဒီမိုကရေစီစနစ် သစ်ထွန်းလာနိုင်ပါလိမ့်မည်။

သို့ပါ၍ တော်လှန်ရေးရှေ့ခရီးဆက်လက်ချီတက်ကြရာတွင် မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ABSDF)နှင့် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ တို့ နှစ်ကိုယ့်တစ်စိတ် စည်းလုံးညီညွတ်ကြပြီး စစ်အာဏာရှင်စနစ်ကို အကုန်အစင်ပြိုပျက်သွားအောင် တိုက်ဖျက်ကြပါစို့။

မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး အဓွန့်ရှည်ပါစေ။

ကျောင်းသားတပ်မတော် အောင်ပွဲအလီလီဆွတ်ခူးနိုင်ပါစေ။

မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦးနှင့် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ တို့၏ ညီနောင်စိတ်ဓါတ် အဓွန့်ရှည်ခိုင်မြဲပါစေ။

ဗဟိုကော်မတီ
လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)
၂၀၀၈ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်။